
ALERT
NEWS

# ယခု အသုံးပြုနေသင့်တဲ့ site ပေါင်း ၁၀

Earndit ၊ Pageonce နဲ့ Rdio စတဲ့ service တွေကို သုံးမနေဘူးဆိုရင် ကိုယ့်ရဲ့ ကျန်းမာရေး၊ ငွေကြေး၊ ဂီတ နဲ့ တခြားအရာတွေကို စီမံဖို့အတွက် လက်တစ်ကမ်းမှာ ရှိနေတဲ့ website တွေ လွတ်သွားမှာ ဖြစ်ပါတယ် »

# ကိုယ့်ရဲ့ဘဏ္ဍာရေးကို အစီအစဉ်တကျထားပါ

ကိုယ်ပိုင်ငွေကြေးအချက်အလက်တွေကို ယုံကြည်ရတဲ့ site တွေမှာထားတာ လုပ်ရိုးလုပ်စဉ် လမ်းကြောင်းတစ်ခုလို ဖြစ်လာနေပါပြီ။ ဒီလမ်းကြောင်းရဲ့ အရှေ့ဘက်မှာရပ်တည်နေတာက Manilla (manilla.com) နဲ့ Pageonce (page-once.com) စတဲ့ service တွေ ပါဝင်ပါတယ်။

၂ ခုစလုံးမှာ အချက်အလက်တွေကို upload လုပ်ခွင့်ရှိပြီး utility တွေနဲ့ credit card တွေအတွက်လည်း bill တွေကို sync လုပ်နိုင်ပါတယ်။ ငွေပေးချေဖို့ရက်ပြည့်တဲ့ alert တွေထည့်နိုင်ပြီး ခရီးသွားတဲ့ မိုင်တွေကို ကြည့်နိုင်သလို ရင်းနှီးမြှုပ်နှံမှုနဲ့ဆိုင်တဲ့ statement တွေကိုလည်း ကြည့်နိုင်ပါတယ်။

Service ၂ ခုစလုံးမှာ mobile app နဲ့ web version တွေရှိနေပေမယ့်လည်း Page-once ရဲ့ app ကတော့ operating system တော်တော်များများပေါ်မှာ ရပါတယ်။ Page-once ဟာ ၂၀၀၈ ခုနှစ် စတင်ထုတ်လွှင့်ကတည်းက လုံခြုံရေးနဲ့ ပတ်သက်ပြီး တရားဥပဒေချိုးဖောက်မှုတွေ လုံးဝမရှိပါဘူး။ ဘဏ်အဆင့် လုံခြုံရေးပေးမယ်ပြောထားတဲ့ Manilla site က အသစ်တစ်ခုဖြစ်နေတဲ့အတွက် track record တွေကို နှိုင်းယှဉ်ဖို့ရာ စောလွန်းပါသေးတယ်။

Manilla ဟာ mail တွေ အခက်အခဲဖြစ်မှာကို ဖယ်ရှားဖို့အတွက် Citibank လို institution မျိုး ခွင့်ပြုထားပါတယ်။ Manilla online mailbox က တစ်ဆင့် offer တွေလည်း လက်ခံရရှိမှာ ဖြစ်ပါတယ်။ Bill copy တွေကို သိမ်းဆည်းပြီး (ဖျက်မပစ်ဘူးဆိုရင်) ကိုယ့်ရဲ့ hard drive ထဲကို bill copy တွေ download လုပ်လို့ရမှာ ဖြစ်ပါတယ်။

ဒီငွေကြေးနဲ့ဆိုင်တဲ့ site ၂ ခုကို ဝင်ရောက်ကြည့်ရှုပြီး ဘယ် service တွေက ဘယ် site နဲ့ sync လုပ်နိုင်သလဲဆိုတာ လေ့လာရင်းနဲ့ ရွေးချယ်ချင်ရင် ရွေးချယ်နိုင်ပါတယ်။ ဥပမာ- AT&T ၊ Chase နဲ့ Netflix စတဲ့ ကုမ္ပဏီကြီးတွေဟာ ဒီ platform ၂ ခုစလုံးမှာ ရနိုင်ပါတယ်။ ဒါပေမဲ့ Manilla က group on နဲ့ magazine subscription sync တွေ ပေးပါတယ်။ Pageonce ကတော့ အမေရိကန် ပညာရေးဌာနရဲ့ ချေးငွေရုံးနဲ့ sync လုပ်နိုင်ပါတယ်။






# ကျန်းမာရေးအတွက် site ၅ ခု




## Earndit

earndit.com

လေ့ကျင့်ခန်းလုပ်တာနဲ့ပတ်သက်လို့ point လုံလုံလောက်လောက်ရအောင် လုပ်ပါ။ ဒါဆိုရင် Earndit က ကိုယ့်ကို ဆုချပါလိမ့်မယ်။




## Simplee

simplee.com

ကျန်းမာရေးနဲ့ပတ်သက်တဲ့ကုန်ကျစရိတ်၊ အာမခံ အကျိုးဝင်မှုနဲ့ network doctor တို့ကို ရှာဖွေနိုင်ပြီး ကုန်ကျစရိတ်ကို တွက်ချက်နိုင်ပါတယ်။




## Calorie Cont

caloriecount.about.com

ကိုယ့်ရဲ့စားသုံးတဲ့ အာဟာရနဲ့ လေ့ကျင့်ခန်းတို့ကို မှတ်ပေးနိုင်ပါတယ်။ ကယ်လိုရီနဲ့ လေ့ကျင့်ချိန်ကို ထည့်လိုက်ပါ။ ဖြစ်ချင်တာကို လမ်းညွှန်ပေးပါလိမ့်မယ်။




## Livestrong.com

livestrong.com

ကယ်လိုရီမှတ်၊ လေ့ကျင့်ချိန်နဲ့ အလေးချိန်တိုင်းတာတို့အပြင် ဆေးလိပ်ဖြတ်ဖို့တို့လို လုပ်ရခက်တဲ့ စိန်ခေါ်မှုတွေကို သတ်မှတ်ပြီး ကြိုးစားကြည့်နိုင်ပါတယ်။




## RunKeeper

runkeeper.com

အပြေး၊ ရေကူးနဲ့ စက်ဘီးစီးတာတို့ရဲ့ ကြာချိန်နဲ့ အကွာအဝေးကို ဒီ site နဲ့ mobile app သုံးပြီး မှတ်နိုင်တဲ့အပြင် facebook တို့ twitter တို့ပေါ်ကို share နိုင်ပါတယ်။

# အလုပ်မြန်မြန်ပြီးစေဖို့

## 1 FreshBooks (freshbooks.com)

Client နဲ့ပတ်သက်တဲ့ အလုပ်တွေအားလုံးအတွက် ဒီinvoicing နဲ့ payment system ကို သုံးနိုင်ပါတယ်။ ကြည့်လို့ကောင်းမွန်တဲ့ invoice တွေကို မြန်မြန်ထုတ်ပေးတဲ့အပြင် FreshBooks ဟာ PayPal ကတစ်ဆင့် ငွေပေးချေမှုတွေ လုပ်နိုင်ပါတယ်။ တွေ့ဖူးသမျှတွေထက် တော်တော်ကောင်းမွန်တဲ့ transaction rate တွေလည်း ရမှာဖြစ်ပါတယ်။




## 2 Google Alerts (google.com/alerts)

သတင်းတွေနဲ့ blog alert တွေကတစ်ဆင့် tab တွေ သိမ်းထားနိုင်ပါတယ်။ အရေးကြီးတဲ့ product တွေနဲ့ ပတ်သက်တဲ့ conversation တွေကိုလည်း စောင့်ကြည့်နိုင်ပါတယ်။ Media audit ရဲ့ တစ်စိတ်တစ်ပိုင်းအနေနဲ့ industry term တွေ၊ ပြိုင်ဘက်တွေနဲ့ပတ်သက်တဲ့ series of alert တွေကို ထည့်ထားပါတယ်။

## 3 Your Trusted Assistant *(ytassist.com)*

တစ်လမှာ ၅ နာရီကနေ ၁၀ နာရီစာလောက် virtual assistant တွေ ခန့်ထားပါတယ်။ သူတို့တွေက ခရီးစဉ်အတွက် booking ၊ scheduling ၊ research နဲ့ contractor တွေအတွက် နာရီတွေ စုပေးတာ စတဲ့ nonbillable administration အလုပ်တွေမှာ ကူညီပေးပါတယ်။ တစ်လမှာသုံးတဲ့ အချိန်နာရီပေါ်မူတည်ပြီး ဈေးအမျိုးမျိုး ကွာသွားမှာ ဖြစ်ပါတယ်။

# ခရီးသွားလာခြင်း အတွက် site ၅ ခု




### Google Flight Search
google.com/flights

ခရီးစဉ်က ရက်သတ်မှတ်ပြီးသားဆိုရင် google ရဲ့ လေကြောင်းလိုင်းရှာဖွေရေးက အကြီးဆုံး resource တစ်ခုပဲ ဖြစ်ပါတယ်။ ဒီ tool က ဈေးနှုန်းအသက်သာဆုံးကို ချက်ချင်းဆိုသလို ရှာပေးနိုင်ပြီး အဲဒီ airline မှာ book လုပ်ဖို့ link ပေးထားပါတယ်။




### Airfarewatchdog
Airfarewatchdog.com

ဒီ site ရဲ့ တခြားလေကြောင်းလိုင်းရှာဖွေရေး site တွေထက် အားသာချက်ကတော့ Internet ပေါ်မှာ မတင်ထားတဲ့ ဈေးနှုန်းတွေနဲ့ လေယာဉ်လက်မှတ်အတွက် အနည်းဆုံးဈေးနှုန်းတွေကို ရဖို့ လှူငှားတွေထားတာပဲ ဖြစ်ပါတယ်။



### Room77
room77.com

မြို့ပေါင်း ၃၂ မြို့မှာ ရွေးချယ်ထားတဲ့ hotel အခန်းတွေကို ကြည့်နိုင်ပါတယ်။ Book လုပ်ချင်တဲ့ အခန်းကို ဓာတ်လှေကားနဲ့ ဘယ်လောက်ဝေးသလဲ၊ ဘယ်နထပ်ကအခန်းကို လိုချင်တာလဲ၊ ရှုခင်းရှုကွက် ဘယ်လောက်ကောင်းသလဲဆိုတာမျိုးတွေနဲ့ အခန်းတွေကို ရွေးချယ်နိုင်ပါတယ်။




### Gadling
gadling.com

ဒီ ခရီးသွား blog က ရှိနေတာကြာပါပြီ။ ဒါပေမဲ့ အခုနောက်ပိုင်းမှ လူစိတ်ဝင်စားလာတာ ဖြစ်ပါတယ်။ သူ့မှာ သတင်းတွေ၊ အစီအစဉ် အကြံပေးချက်တွေနဲ့ ခရီးသွားတွေရဲ့ စွန့်စားခန်း အကြောင်းအရာတွေ ပါရှိပါတယ်။



### Airbnb
airbnb.com

ခရီးသွားတွေဟာ hotel ခ သက်သာအောင် အိမ်တွေက အခန်းပိုတွေကို ငှားရမ်းနိုင်ပါတယ်။ တည်းခိုပြီးသွားတဲ့အခါမှာ အိမ်ရှင်ရော၊ တည်းခိုသူပါ အပြန်အလှန် review လုပ်နိုင်တာကြောင့် အိမ်ရှင်တွေ၊ အိမ်ငှားတွေအနေနဲ့ ဘယ်လိုလူတွေလာနိုင်တယ်ဆိုတာကို ခန့်မှန်းနိုင်ပါတယ်။

# အစားအသောက်အတွက်ဆိုရင်




### 1 Foodbuzz (foodbuzz.com)

ဒီ site မှာတော့ မြို့တွေအလိုက် food writer တွေ ရေးထားတာတွေကို ကြည့်နိုင်ပါတယ်။ Site ကို လာကြည့်တဲ့သူတွေက vote တွေ၊ ဒါမှမဟုတ် buzz ကတစ်ဆင့် အစားအစာ blog တွေ၊ အမျိုးအစားတွေကို rate ပေးကြပါတယ်။

### 2 LocalEats (Localeats.com)

အမေရိကန်နိုင်ငံ မြို့တော် ၅၀ ကျော်ရဲ့ စားသောက်ဆိုင်စာရင်းနဲ့ food blog ရဲ့ directory တွေ ကြည့်နိုင်ပါတယ်။ နောက်ဆုံးတင်ထားတဲ့ post တွေကိုလည်း link တွေ ပေးထားပါတယ်။ တခြားနိုင်ငံက သတင်းတွေတော့ တွေ့ရမှာမဟုတ်ပါဘူး။

### 3 Roadfood (roadfood.com)

အဝေးပြေးလမ်းတစ်လျှောက် ဒေသအစားအစာတွေကို အဓိကထားတဲ့ site ဖြစ်ပါတယ်။ Site မှာလာကြည့်တဲ့သူတွေက စားသောက်ဆိုင်နဲ့ ဟင်းလျာတွေကို တင်နိုင်ပါတယ်။ ငွေကြေးပေးထားတဲ့ subscription ဆိုရင်တော့ review တွေနဲ့ mobile contant တွေကို download လုပ်နိုင်ပါတယ်။ GPS ကလည်း စားသောက်ဆိုင်တွေ ရှာဖွေဖို့ ကူညီနိုင်ပါတယ်။







# Music များ အခမဲ့ stream နဲ့ share လုပ်နိုင်ဖို့

Music တွေ ဝယ်ယူရတာကို မေ့ပစ်လိုက်ပါ။ အခုတော့ ကိုယ့် ရဲ့ကိုယ်ပိုင် playlist တွေကို အခမဲ့ streaming လုပ်နိုင်ပါပြီ။

## Rdio (rdio.com)

Rdio ကနေ tune တွေ share လုပ်နိုင်ပြီး Music library ကိုပါ ထည့်သွင်းထားပါတယ်။ Twitter မှာလိုပဲ ကိုယ့်ရဲ့ follower တွေနဲ့အတူ share နိုင်တဲ့ playlist တွေထဲကို သီချင်းတွေ ထည့်လို့ရမှာ ဖြစ်ပါတယ်။ ဒီ site ဟာ ယင်းရဲ့ interface အတွင်းမှာတင်မက facebook နဲ့ twitter ပေါ်မှာလည်း သီချင်းတွေကို share လုပ်ခြင်းအပေါ် အလေးအနက်ထားပါတယ်။ အချိန်တိုင်း သီချင်းတွေ streaming လုပ်ချင်ရင်တော့ internet radio station အနေနဲ့ Rdio ကို သုံးလိုက်ရုံပါပဲ။

## Turntable (turntable.com)

Turntable ဟာလည်း တူညီတဲ့ သဘောတရားမှာပဲ အခြေခံထားတာပါ။ ဒါပေမဲ့ sharing ပုံစံကို game အဖြစ် ပြောင်းထားပါ။ ဒီ site ဟာ (၂၀၁၁ ရဲ့အကောင်းဆုံး product တွေထဲကတစ်ခု) စုပေါင်းပြီး music sharing လုပ်လို့ရနိုင်ပါတယ်။ User တွေကိုလည်း DJs ကတစ်ဆင့် cycle လုပ်သွားပါတယ်။ Turntable ရဲ့ library (Rdio ထက် limit ပိုဖြစ်ပါတယ်) ကနေ သီချင်းတစ်ပုဒ်ကို ဖွင့်စေပြီး၊ ဒါမှမဟုတ် ဘယ် offline library ကမဆို သီချင်းကို upload တင်လို့ရစေပါတယ်။ နားထောင်တဲ့သူတွေကလည်း "lame" ၊ ဒါမှမဟုတ် "awesome" အနေနဲ့ ဘယ် DJ ရဲ့ selection မဆို vote လုပ်နိုင်ပါတယ်။ အကောင်းဆုံး DJ တွေကတော့ "awsome" point တွေ အများဆုံးရရှိကြပါတယ်။

Site ၂ ခုစလုံးကတော့ သီချင်းတွေကို စရိတ်မကုန်ဘဲ နားထောင်နိုင်ပါတယ်။ ဒါပေမဲ့ Rdio က Pandora/Twitter hybrid နဲ့ ပိုပြီး တူပါတယ်။ နောက်ဆုံးရွေးချယ်မှုကတော့ internet radio ဘယ်လောက် လို ချင်သလဲ ဆို တာပေါ်မှာပဲ မူတည်ပါတယ်။

# အချိန်မရွေး စာသင်နိုင်ဖို့

ကိုယ့်ရဲ့ ဗဟုသုတအသိဉာဏ်တွေ တိုးအောင် လုပ်ချင်တယ်။ ဒါပေမဲ့လည်း ပညာသင်နှစ်တစ်ခုအတွက် အချိန်တွေ၊ ငွေတွေ မတတ်နိုင်ဘူးဆိုရင် ဒီမှာတော့ စရိတ်စကတွေမကုန်တဲ့ intellectual stimulation ကို ပေးထားတဲ့ site ၂ ခုရှိပါတယ်။

Nonprofit site တစ်ခုဖြစ်တဲ့ Khan Academy *(khanacademy.org)* မှာ သိပ္ပံပညာ၊ သင်္ချာ၊ သမိုင်းနဲ့ စီးပွားရေးဆိုင်ရာတွေအပြင် တချို့ စာမေးပွဲပြင်ဆင်မှု တွေပါဝင်တဲ့ ပျမ်းမျှ ၁၀ မိနစ်စာ video အတိုလေးတွေ ပါဝင်ပါတယ်။ Humanities video တွေ စုဆောင်းထားရှိမှုကနည်းနေပေမယ့် သိပ္ပံပညာ၊ သင်္ချာပညာနဲ့ဆိုင်တဲ့ video အရေအတွက်ကတော့ တော်တော်လေး များပါတယ်။

Arithmetic ကအစပြုပြီး vector value function တွေ တွက်ချက်တဲ့ partial derivative တွေအထိ ပါရှိပါတယ်။ ဒီ course တွေမှာ blackboard style screen ပေါ်မှာ လူ instructor ရဲ့အသံကို ထည့်သွင်းထားပါတယ်။ Video တော်တော်များများမှာ လေ့လာထားတဲ့အရာတွေပေါ်မှာ ကိုယ့်ဘာသာ test လုပ်ဖို့အတွက်တော့ ပြဿနာတွေ ရှိပါတယ်။

Open Yale Courses (oyc.yale.edu) ကတော့ undergrad Yale ကျောင်းသားတွေအတွက် မူလက ရည်ရွယ်ထားတဲ့ lecturer တွေရဲ့ video file တွေ တင်ပေးထားပါတယ်။ Course တွေမှာ တစ်နာရီစာလောက် run နိုင်တဲ့ စာသင်နှစ်ဝက်စာ video တွေ စုထားပါတယ်။ သင်ရိုးညွှန်းတမ်းတွေကိုလည်း access လုပ်နိုင်ပါတယ်။

ဒါကြောင့် ပြဿနာရပ်တွေနဲ့ အပြင်မှာ ဖတ်ထားတဲ့အကြောင်းတွေနဲ့ ပတ်သက်တဲ့ ဆွေးနွေးချက်တွေ လုပ်နိုင်ပါတယ်။ Humanities အမျိုးအစားတွေ ပိုလိုချင်တာဆိုရင် OYC က Molton ၊ Roman architecture စတာတွေနဲ့ ပတ်သက်တဲ့ course တွေ တင်ပေးထားပါတယ်။ ဒါ့ပြင် အာကာသပညာ၊ biology နဲ့ physic စတဲ့ begineer course တွေလည်း ပါဝင်ပါတယ်။






# ဝင်ငွေ တိုးစေမယ့် site ၅ ခု




## Kickstarter
**kickstarter.com**

ဒီ site နဲ့ project တွေအတွက် fund ရှာဖွေနိုင်ပါတယ်။ ကိုယ်လုပ်မယ့် project အတွက် page တစ်ခု လုပ်လိုက်ပြီး သူငယ်ချင်းတွေနဲ့ supporter တွေကို fund ကောက်ခံလို့ ရပါတယ်။ Project အတွက် သတ်မှတ်ချက်ပြည့်မီသွားရင် ငွေတွေကို ထိန်းသိမ်းလုပ်ဆောင်သွားနိုင်ပြီး မပြည့်သေးရင်တော့ ပံ့ပိုးပေးနိုင်သူတွေဆီ ပြန်သွားလို့ ရပါတယ်။



## ChubbyBrain
**chubbybrain.com**

ဒီ site က အခုတလောမှာ ထိပ်ဆုံးပြေး နေပါတယ်။ ပထမဆုံးတော့ ကိုယ့်ကုမ္ပဏီရဲ့ လုပ်ထုံးလုပ်နည်းကို ဒီ service ဖော်ပြပေးပါတယ်။ ပြီးရင်တော့ ကိုယ်နဲ့သင့်တော်မယ့် ရင်းနှီးမြှုပ်နှံသူတွေ၊ ငွေကြေးမြှုပ်နှံမယ့် အဖွဲ့အစည်းတွေကို အဲဒီသူတွေရဲ့ အတိတ်က ရင်းနှီးမြှုပ်နှံမှုလုပ်ခဲ့တဲ့ သမိုင်းကြောင်းကိုလိုက်ပြီး ဖော်ပြပေးပါတယ်။



## RaiseCapital
**raisecapital.com**

ဒီ funding နဲ့ match-making site က investor တွေနဲ့ entrepreneur တွေကို တစ်ဦးနဲ့တစ်ဦး ရှာဖွေတွေ့ရှိစေပါတယ်။ ဒီ site ကို investor တွေက အခမဲ့ချိတ်ဆက်နိုင်ပြီး entrepreneur တွေကတော့ တစ်ကြိမ်မှာ တစ်ယောက်ကို ၉၉ ဒေါ်လာ ပေးသွင်းပြီး ချိတ်ဆက်ရမှာ ဖြစ်ပါတယ်။




## OnGreen
**ongreen.com**

ကိုယ့်မှာ green economy အတွက် လုပ်ငန်း idea တစ်ခုခု၊ ဒါမှမဟုတ် တီထွင်မှုတစ်ခုခုရှိခဲ့ရင် ဒီ site က အသုံးဝင်ပါတယ်။ သူက သဘာဝပတ်ဝန်းကျင်နဲ့ တီထွင်မှုလုပ်ငန်းတွေမှာ စိတ်အားထက်သန်တဲ့ ရင်းနှီးမြှုပ်နှံသူနဲ့ စွန့်ဦးတီထွင်လိုသူတွေကို တွေ့ဆုံပေးနိုင်ပါတယ်။




## Veture Hacks
**venturehacks.com**

ဒီ site က ကိုယ့်ကို ပိုက်ဆံရှာမပေးနိုင်ပေမယ့် စိတ်ကူးစိတ်သန်းတွေကို ပြည့်စွက်အကြံဉာဏ်တွေပေးနိုင်ပြီး investor ရှာပေးနိုင်တဲ့အတွက် ကိုယ့်ရဲ့ စတင်စလုပ်ငန်းလေးကို လုပ်ငန်းကြီးအဖြစ် ကူညီပြောင်းလဲပေးနိုင်ပါတယ်။

# ဓာတ်ပုံများအတွက်




## 1 A Photo Editor (aphotoeditor.com)

Web ပေါ်မှာ အဆင်ပြေဆုံးဖြစ်တဲ့ photography ref site တစ်ခု ဖြစ်ပါတယ်။ အရင်က editor နဲ့ run ပြီး portfolio တွေ၊ ဓာတ်ပုံဆရာတွေနဲ့ interview တွေကစပြီး photo တွေအတွက် နည်းပညာအကြံပေးတွေအထိ ရှာဖွေနိုင်ပါတယ်။

## 2 Photojojo Store (photojojo.com/store)

Camera နဲ့ ဓာတ်ပုံတွေပြုပြင်တာကို သဘောကျတယ်ဆိုရင်တော့ အံ့သြဖွယ်ရာ ကစားစရာလေးတွေရှာဖွေဖို့ ကောင်းမွန်တဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ Site ပေါ်ကနေရာတွေမှာ DIY project တွေ တင်နိုင်ပြီး နည်းပညာအကူအညီရဖို့ forum ကိုလည်း သုံးနိုင်ပါတယ်။

## 3 Tumblr (tumblr.com)

Tumblr ဟာ ကိုယ့်ဓာတ်ပုံတွေတင်ဖို့ ပထမဆုံးနေရာ ဖြစ်နေပါသေးတယ်။ Social ဖြစ်ပေမယ့် status update တွေကို ကန့်သတ်မထားပါဘူး။ ကိုယ့်ရဲ့ ဓာတ်ပုံတွေကို လှပစွာဖော်ပြနိုင်တဲ့ platform တစ်ခု ဖြစ်ပါတယ်။

စောကလျာအေး (UCSY)